စိုးမိုးစာပေ

# ဆုလေးနွယ်

(ရန်ကုန်တက္ကသိုလ်)

လေ ဟုန် ထဲ က နှ လုံး သား

"ပန်ခူးရွယ်စူး" က သူမရဲ့ စူပါဆလွန်း အနီရဲလေးကို ကန်တော်မင်္ဂလာ ပန်းခြံထဲသို့ ချိုးကွေ့ဝင်လိုက်၏။

တံခါးဝမှာ ဝင်ခွင့်လက်မှတ်ကို တန်းစီ တိုးဝယ်နေသူတွေ မနည်းလှပါ။

"နေတိုးလာမှာ လား မသိဘူးနော်"

ဖယောင်းနီက သူ့လက်ထဲက မွေးပွရုပ် ခရမ်းရောင်လေးကို ပွေ့ပိုက်ဆော့ကစားရင်း မြူးထူးသံနှင့်ဆိုသည် ။ ဟက်ပီးဝေါလ်မှာ လူတွေ ကြိတ်ကြိတ်တိုးလျက်။

ဗီစီဒီခွေရောင်းမည့်နေ့ကို သူမှတ်လည်း မှတ်မိသည် ။ နေ့လယ်နှစ်နာရီ အချိန်မှာ တကူးတကလည်း ရောက်လာသည် ။

ကားမောင်းရသည့် ခူးခူးမှာ တော့ ရှုံ့မဲ့နေရ၏။

ဖယောင်းနဲ့ သူမဟာ သက်တူရွယ်တူ သူငယ်ချင်းတွေပါ။ ဘယ်တုန်းက စတွဲခဲ့တာလည်း ဆိုရင် မူကြိုကျောင်းမှာ ကတည်းကလို့ ဖြေရမှာပင်။

မူကြိုကနေ အထက်တန်းကျောင်းထိ စာသင်ခန်း တစ်ခန်းထဲမှာ တက်လာခဲ့သလို အီကိုတက်တော့လည်း အတူတူ။

ဖိုင်နယ်စာမေးပွဲ ဖြေပြီးတာပင် သိပ်မကြာသေး။

ဖယောင်းနီသည် သူ့အဖေကိုယ်တိုင် ရုပ်ရှင်ကုမ္ပဏီ ထုတ်လုပ်ရေး

ထူထောင်လိုက်ပေမဲ့ မင်းသား မင်းသမီးနှင့် အဆိုတော်တွေကို အရူးအမူး စိတ်ဝင်စားသည် ။

သွားမိတ်ဆက်တာ စကားပြောတာမျိုး မလုပ်ပေမဲ့ ကြည့်ရရင်ပဲ ကျေနပ်နေတာ။

ဖယောင်းဟာ သူ့အိမ်မှာ တကယ့်ကလေး။ အင်မတန် အလိုလိုက်ပြီး ဖူးဖူးမှုတ် အရေးပေးခံရသူလည်း ဖြစ်သည် ။

ဒီဇင်ဘာ နှစ်ဆယ့်ခြောက်ရက်နေ့၏ နေ့လယ်ခင်းမှာ မချမ်းလှဘဲ နေပြင်းပြင်းနှင့် အိုက်စပ်စပ် ဖြစ်နေသည် ။

နေ ပ႕ထ`မ႕၁ အရိပ်အောက် စုပြုံတိုးဝှေ့နေတဲ့ ပရိသတ်က မနည်းလှပါ။

(Super Film Star Show) စူပါဖလင်စတားရှိုးဆိုတဲ့ ဘုတ်ကြီးကို ကစားကွင်းရှေ့မှာ ထောင်ထား၏။

"ခူး ဟိုဘက် သွားရပ်လိုက်မယ်"

"ဒီနားမှာ နေရာမရှိဘူးလား"

"ဘယ်ရှိမှာ လဲ ပြည့်နေပြီ"

ခူးခူးက မဥ္ဇူရီ ဓာတ်ပုံဆိုင်လေးနှင့် မလှမ်းမကမ်းထိ ကားကို မောင်းသွားကာ ဘေးကပ်ရပ်လိုက်သည် ။

ရှားစေးရောင် ဆွယ်တာအင်္ကျီလက်ပြတ်နှင့် အသားရောင် ဘောင်းဘီအကျပ်လေးကို ဝတ်ထားတဲ့ ခူးခူးဟာ ဖယောင်းထက် အရပ်မြင့်ပြီး မော်ဒယ်တစ်ယောက်လို ကြော့ရှင်းလှပနေ၏။

ကားပြင် ထွက်ရပ်လိုက်တာနှင့် အနီးအနားက ပရိသတွေမျက်လုံး

က ခူးခူးဆီ တစ်ပြိုင်နက်လို ကျရောက်လာသည် ။ ဖယောင်းကတော့ အနီနှင့် အဖြူကွက် အီးဗီးနင်းဒရက်စ်ဆန်ဆန် ဂါဝန်ရှည်ကလေးနှင့် ဘွတ်ရှူးအဖြူကို စီးထားသည် ။

သူ့ရဲ့ အရုပ်ကို ကားထဲ မတ်မတ်ထိုင်ထားပေးပြီးမှ ကားတံခါးကို ဂျိမ်းခနဲပိတ်သည် ။

ဖယောင်းက အရုပ်ငါးပေမျှသာရှိသော ဖြူဖြူသေးသေး ခပ်ပိန်ပိန် ကောင်မလေးမို့ သူ့ကိုကြည့်လျှင် အထက်တန်း ကျောင်းသူလောက်ပဲ ထင်ရသည် ။

ခူးနှင့်ရွယ်တူဟု မထင်ရပါ။ တကယ်က အသက်နှစ်လပဲ ပိုငယ်တာ ။ ဒါပေမဲ့ ပုံစံက ငါးနှစ်လောက် ငယ်သလို ဖြစ်နေသည် ။

"အခွေလေး တစ်ခါဝယ်ဖို့ အရေးကို ကြည့်ပါဦးဟယ် လူတွေက ကျပ်သိပ်နေတာပဲ"

ခူးက လှမ်းကြည့်ပြီး ညည်းညူသည် ။

"ပျော်စရာကြီးပါ"

ဖယောင်းမျက်နှာက ပြုံးစေ့စေ့။

တကယ်တမ်း သူလည်း လူထူထူကြားထဲ တိုးဝှေ့နိုင်တာ မဟုတ်ဘဲ စည်ကားရှုပ်ထွေးတဲ့ မြင်ကွင်းကိုသာ သဘောကျရုံကျတာ။

"ဟိုမှာ သင်ဇာဝင့်ကျော်နဲ့ ဟက်ကက်နဲ့ ဝင်သွားပြီ"

"အဲဒါ ဘာဖြစ်လဲ"

"ဖယောင်းတို့ လည်း ဝင်မယ်လေ"

"အထဲမှာ မွန်းကျပ်နေမှာ ပဲ"

"ရပါတယ် ဘာဖြစ်လဲ"

"ဒါဆို ဖယောင်း ဒီမှာ စောင့် ခူးလက်မှတ် သွားဝယ်လိုက်မယ်"

လက်မှတ် ပြေးဝယ်ပြီးနောက် တန်းစီဝင်ခဲ့ရ၏။

အဲဒီ ဖယောင်းတစ်ယောက်ဟာ ကလေးဆန်ဆန်ဖြင့် ဘယ်ပွဲမဆို သူပါချင်တော့တာပဲ။ Hip Hop လိုက်ရှိုးတွေဆိုလည်း သူ သွားကြည့်ရမှ လေ။

ခူးဘာသာဆို အိမ်မှာ စာအုပ်ဖတ်ချင်ဖတ်၊ ကွန်ပျူတာ နှိပ်ချင်နှိပ်နှ င့် အေးအေးလူလူ ဇိမ်ကျနေမှာ ။

အခုတော့ လူတွေကြားထဲ တိုးဝှေ့ရင်း Game မျိုးစုံနှင့် ဆူညံနေတဲ့ အဆောက်အဦထဲ ဝင်လာရပါသည် ။

ဒီဘက်မှာ တိုက်ကားကွင်းဆီမှာ အသံက ညံနေသလို အထဲဝင်လို က်တော့လည်း မြားပစ်တာတွေ ဘောလုံးပစ်တာတွေ 3D ကာတွန်းက မ္ဘာတွေ ကလေးစီးလှူပ်ရုပ် Child Rider တွေနှင့် ရှုပ်ယှက်ခတ် နေပါသ ည် ။

မော်အိမ်ကြီးဆိုတာ ချိုင့်ဝှမ်းထဲမှာ ခပ်မှောင်မှောင်နှင့်။

"အခွေရောင်းတာက ဟိုရှေ့မှာ "

ပြောသာပြောရ အခွေရောင်းတဲ့ စားပွဲနားမှာ လူကအုံနေပြန်သည် ။

ဖယောင်းကိုလည်း အားကိုးဖို့ သိပ်မဖြစ်တော့ ပိုက်ဆံသုံးထောင်ကို င်ပြီး ခူးခူးပဲ တိုးဝှေ့ဝယ်ရသည် ။

ဝေါလ်ရှိလက်ဆောင်ရပေမဲ့ လက်မှတ်ထိုးဖို့ က လူအုပ်ထဲ ထိုးဖောက် ဝင်ရောက်ရဦးမှာ ။

တော်ပြီ လက်မှတ်က ဘာလုပ်ဖို့ လဲ။

ခူးခူးက ဝေါလ်ရှိလိပ်ထားတဲ့ စက္ကူဖြူလိပ်ကလေးကို ဖယောင်းလက်ထဲ လှမ်းပေးပြီး လျှာပါထုတ်ပြလိုက်သည် ။ မောလို့ လျှာထွက်နေရပြီ ဆိုတဲ့ သဘော။

"ဟင် လက်မှတ် မထိုးလာဘူးလား"

"ကလေးကလားနဲ့ ဟာ ထိုးချင် နင်သွားထိုး ဒါပဲ၊ ခူးတော့ မောပြီ အသက်ရှူလည်း ကျပ်တယ်၊ ပြန်ထွက်ရအောင်"

"မထွက်သေးပါဘူး ခဏကြည့်ဦးမယ်"

"ဖယောင်းရယ် မမြင်ဖူးတာ ကျနေတာပဲ"

"မှော်အိမ်ကြီးထဲ ဝင်မှာ လား"

"ဝင်ရဲလို့ လား"

"သရဲခြောက်မှာ လား"

"အေးပေါ့"

"ဖယောင်းတစ်ခါမှ ဝင်မကြည့်ဖူးဘူး"

ခူးက ရယ်လိုက်သည် ။

သရဲခြောက်တဲ့ အိမ်ကြီးလည်း သူက စိတ်ဝင်စားပြန်သေး၏။ တကယ်တော့ အဲဒါ နှလုံးရောဂါရှိရင် ဝင်ကြည့်လို့ ရတာမှ မဟုတ်တာ။

ဖယောင်းက နှလုံးခွဲစိတ် ကုသထားဖူးတဲ့ သူ။

တစ်ခါတစ်ခါ သူ့ကိုယ်သူ မေ့နေသလား မပြောတတ်။

"ဖယောင်းရယ် ကြောက်စရာကြီးပါ"

"ဒါဆို ခူးခူး နင် ဝင်ကြည့်ပါလား"

"ဝါသနာ မပါဘူး"

ခူးခူးက ခေါင်းယမ်းလိုက်သည် ။

"ခူးရေ ဟိုမှာ သီချင်းဆိုနေပြီ ထင်တယ်"

"သွားမနေနဲ့ မြင်ရမှာ လည်း မဟုတ်ဘူး "

အဆိုစင်က ဘယ်လိုလဲ၊ ဘယ်နားမှာ လဲဆိုတာ မြင်တောင် မမြင်ရပါ။ ကိုယ့်ရှေ့မှာ မြင်နေရတာ လူတစ်ပြုံကြီးရဲ့ ဦးခေါင်းတွေ ကျောပြင်တွေပါ။

"အင်း ဟုတ်တယ်၊ ဟိုမှာ ထပ်ဝင်မှာ စိုးလို့ တံခါးတောင် ပိတ်နေပြီ"

"ခူးတို့ ပြန်ထွက်မယ် လာ လာ"

ပန်ခူးက ဖယောင်းလက်လေးကို ဆွဲပြီး လူအုပ်ကြားမှ ဒီဘက်ရှင်းရာဘက်သို့ တိုးထွက်လာသည် ။

လူကလည်း အိုက်ပြီး ချွေးပြန်နေရပါပြီ။

"ခူး ရေခဲမုန့် စားရအောင်"

"စားလေ"

ဒီဘက်အထွက်နားမှာ ရေခဲမုန့်ဆိုင်လေးရှိတော့ အဲဒီနားမှာ ရပ်လိုက်ကြသည် ။

"စတော်ဘယ်ရီနဲ့ နှစ်ခွက်"

ထိုနေရာမှာ လည်း တိုးဝယ်ရပါသည် ။ လူကတစ်ချိန်လုံး တိုးဝှေ့ခြင်းနှင့် နပန်းလုံး နေရတော့တာတာပဲ။

ထိုအခိုက်မှာ ပင် လူရွယ်လေး တစ်ယောက်သည် လည်း ပန်ခူးရွယ် စူးနားသို့ ကမန်းကတန်း ဝင်တိုးလာခဲ့၏။

မဟော်ဂနီရောင် ဆံပင်စင်းစင်းတို့ နှင့် ယောကျ်ားပီသသော မျက်နှာမှာ နှုတ်ခမ်းတို့ က မပြုံးဘဲနှင့် ပြုံးရိပ်သန်းကာ ချိုမြနေတတ်တဲ့ သူ။

စတိုင်ဘောင်းဘီအနက်၊ ရှူးဖိနပ် ပြောင်လက်လက် အနက်ရောင်နှင့် အပေါ်ကအင်္ကျီမှာ ငှက်ပျောညွှန့်ရောင် အော်တာရှပ်လေး ဖြစ်ပြီး ရှပ်အဆင်းမှာ အလွန် တင့်တယ်သည် ။ အင်မတန်လည်း ကြည့်ကောင်းပြီး ညှို့ငင်အား တစ်မျိုး ပျော်ဝင်နေသည် ။

ဒါပေမဲ့ သူလည်း နှုတ်ခမ်းအထက်မှာ ချွေးပြန်နေသည် ။

အခုပဲ အပျော်စီး တိုက်ကားမောင်းပြီး ထွက်လာတာ။

သူက သီးစုံရေခဲမုန့်မှာ သည် ။ ရောင်းတဲ့ ကောင်မလေးက သူ့ကို မော့ကြည့်နေသဖြင့် ခူးက စိတ်မရှည်လှဘဲ ...

"ဒီမှာ ပိုက်ဆံ အရင်အမ်းဦးလေ"

ဟု ခပ်ဆတ်ဆတ် သတိပေးလိုက်သည် ။

ရောင်းသူကောင်မလေးက ပိုက်ဆံအမ်းပြီးတာနှင့် ခူးက ရေခဲမုန့်ခွက်ကိုင်ပြီး အလျင်အမြန် တိုးအထွက် ...

"ဟာ ခင်ဗျား ဘယ်လိုလုပ်တာလဲ"

ရေခဲမုန့်ခွက်နှင့် သူ့အင်္ကျီမှာ မတော်တဆ ထိကပ်သွားသဖြင့် ခူးလည်း မျက်လုံးလေး ပြူးသွားရသည် ။

"ဆောရီး ဆောရီး"

"ဘာဆောရီးလဲဗျ၊ ဒီမှာ ကျွန်တော့်အင်္ကျီတွေ အကုန် ပေကျံသွားပြီ"

အင်္ကျီစကိုဆွဲခါလျက် သူက ဒေါသသံဖြင့် ပြောသည် ။

"တစ်ရှူးနဲ့ သုတ် လိုက်လေ၊ ရော့ ရော့"

"တောက် ခင်ဗျားဗျာ ပျာယိပျာယာနဲ့ "

"မတော်တဆပဲရှင် ဘယ့်နှယ်လုပ်ရမှာ လဲ"

ခူးပေးတဲ့ တစ်ရှူးကိုသူက မကျေမနပ် ဆောင့်ဆွဲယူပြီး သူ့အင်္ကျီရင်ဘတ်ကို အသာဖွဖွသုတ်၏။

အင်မတန် အင်္ကျီနှမြောတတ်သူ ဖြစ်မည်။

ရုပ်က ဘရက်ပစ် Brad Pirtt လိုလို ဘာလိုလိုနှင့် ဆွဲအားပြင်းသလောက် စိတ်က စိတ်ပုပ်ထင်ပါရဲ့ ။

ခူးက မျက်နှာလေးတစ်ချက် ရှုံ့မဲ့ပြီး ဒီဘက် ပြန်လှည့်ထွက်လိုက်၏ ။ သူက ခူးကို ဘုကြည့်ကြည့်နေဆဲ။

ခူးက ဖယောင်းဆီ ရေခဲမုန့်တစ်ခွက် လှမ်းပေးရင်း ...

"ဒီနေ့တော့ ပြဿဒါး မလွတ်ပါဘူး"

ဟု စိတ်ပျက်လက်ပျက် ရေရွတ်လိုက်သည် ။

"ခူးနဲ့ ဟိုလူကြီးနဲ့ ဘာဖြစ်တာလဲ"

ဖယောင်းက တီးတိုးမေး၏။

အင်္ကျီစိမ်းနှင့်လူကိုလည်း စူးစူးစမ်းစမ်း ကြည့်သည် ။

"နည်းနည်းလေး ပေတာကိုများ ကြီးကြီးကျယ်ကျယ်"

ခူးက မျက်စောင်းလှမ်းထိုးရင်း ဖြေ၏။ သူကလည်း ရေခဲမုန့်ဝယ်ပြီး

ပြန်လှည့်တော့ ခူးနှင့်ဖယောင်းကို စူပုပ်ပုပ် ခပ်တည်တည် ကြည့်သွားပါသည် ။

ဖယောင်းနှုတ်ခမ်းလေးက ပြုံးနေကာ သူ ထွက်သွားတာနှင့် ...

"လူကြီးက ချောလိုက်တာဟယ်"

"မချောပါဘူး"

အမြင်ကတ်ကတ်နှင့် ခူး ကန့်ကွက်လိုက်၏။

"ဒီရုပ်လားချောတာ၊ ကလေးလို နောက်ကနေလည်း အတင်းတိုး ဝ ယ်သေးတယ်၊ မိန်းမလိုလည်း ရန်တွေ့ကောင်းသေးတယ်၊ အလကား ယောကျ်ားမဆန်တဲ့ သူ"

"ဟဲ့ ကြားသွားပါဦးမယ် လာ လာ"

ဒီတစ်ခါ ဖယောင်းက ခူးလက်ကို ဆွဲခေါ်သွားပါသည် ။ သူ့ကို စိတ် တိုရတာနှင့် စားရတဲ့ ရေခဲမုန့်တောင် အရသာပျက်ပါရဲ့ ။

သူမကို ခပ်တင်းတင်း မျက်မှောင်ကုတ်ကာ ကြည့်လိုက်တဲ့ မျက်လုံး တွေကိုမမေ့။

တကယ်လို့ သာ ပျော့ပျော့ပျောင်းပျောင်း ချိုရီရီလေးသာ ငေးစိုက်ကြည့်မယ် ဆိုရင်တော့ ရင်ထဲ ဖိုခနဲ နွေးသွားစေနိုင်မယ့် မျက် လုံးမျိုးပါ။

စူးရှကာ ရင်ထဲထွင်းဖောက်မလို မျက်ဝန်းတွေကိုတော့ ခူး အသိအမှ တ်ပြုရပါသည် ။

"ခူးကလည်း ဟယ် ကိုယ်မှားတာ ကိုယ် တောင်းပန်လိုက်ရင် ပြီးတဲ့ ဥစ္စာ"

"သူ့ကို ဆောရီးလို့ ပြောတာပဲ"

"နင်ပြောပုံက ခပ်ကျောကျောနဲ့ ပမာမခန့်ပုံ ဖြစ်နေလို့ နေမှာ "

"အောင်မယ် မိဖယောင်းစုတ် ကိုယ့်သူငယ်ချင်းဘက်က မပါဘဲ သူစိမ်းဘက်က ပါနေပါလား၊ ဒါ ဘယ်လို သဘောတုံး"

"သူ့ပုံက မိုက်လို့ ပါ၊ ဟီး ဟီး"

ဖယောင်းက ရှက်သလို တဟီးဟီး လုပ်လိုက်ပါ၏။

သူ့ကို မြင်မြင်ချင်းမှာ ဖယောင်းက မေတ္တာရှိသလောက် ခူးက အမြင်ကတ် သွားရသည် ။

"တော်ပြီ ဒီထဲမှာ ပတ်နေရင် သင်းကို ထပ်တွေ့နေရင် တွေ့နေမှာ ၊ လာ သွားမယ်"

"ဘယ်လဲ ပြန်မလို့ လား"

"မပြန်လို့ ဘာလုပ်ဦးမှာ လဲ၊ ခွေလည်း ရပြီ အိမ်ပြန်ပြီး နားထောင်ပေါ့"

"ဟွန်း"

ဖယောင်းနီက မပြန်ချင်သေးပုံနှင့် နှုတ်ခမ်းကို စူထော်ကာ "ဟွန်း" ဟု အသံပြုပေမဲ့ နှစ်ယောက်သား အပြင်သို့ ရောက်လာကြပါသည် ။

"ခူးရေ ကြည့်စမ်း ဟိုနားမှာ လှေစီးလို့ ရတယ်"

"လုပ်ပြန်ပြီ"

"ကနူးလှေလေး စီးရအောင်"

"နေပူပါတယ် မစီးပါနဲ့ ဦး"

"နင် လှော်တတ်တယ်မို့လား ခူး"

ဖယောင်းနီက တက်ကြွနေ၏။

"မလှော်တတ်ဘူး ကြောက်တယ်"

"အပိုမပြောနဲ့ နင် မကြောက်ပါဘူး၊ ရေလည်း ကူးတတ်တာပဲ"

"ဒါက ရေကူးကန်မှ မဟုတ်တာ"

"ငါထိုင်စီးမယ် နင်လှော်ပေး"

"တစ်ယောက်တည်း ဘယ်လိုလှော်မလဲ၊ လှော်တက် တစ်ယောက် တစ်ချောင်းကိုင်မှ ရမှာ ပေါ့၊ အေးအေးနေစမ်းပါ ဖယောင်းရယ် သူများ တွေစီးတာ ဒီကထိုင်ကြည့်"

"အဲဒါတွေ စိတ်ညစ်တာပေါ့၊ ခူး တစ်ယောက်က ဘာမှ အားမကိုးရ ဘူး"

"အားကိုးရှာပေါ့၊ ဖယောင်းအိမ်က ပေးစားတဲ့ ယောက်ျား အမြန်ယူ"

"မယူချင်ပါဘူး ဖယောင်းတို့ က ချစ်မှ လက်ခံမှာ "

"ဒါဆိုလည်း ရည်းစားထားတော့"

"ဟင်း ဟင်း ခုနလူကြီးလို ပုံစံမျိုး ဆိုရင်တော့ ကြိုက်ချင်သားပဲ၊ သူ့ လက်မောင်းကြီးကို ခိုတွဲလျှောက်ရရင် ပျော်စရာ ကောင်းမှာ "

"စိတ်ကူးတော်တော် ယဉ်နော်၊ ဟဲ့ ပြောရင်းဆိုရင်း အဲဒီလူကြီး ဒီဘ က်လာနေပြီ ဖယောင်းရေ ဘယ်လိုလုပ်မလဲ"

သူနှင့်တခြားအဖော် တစ်ယောက်တို့ ကလည်း ကန်းလေ့ဆိပ်က လေးရှိရာ စကားတပြောပြော လျှောက်လာနေတာ လှမ်းတွေ့ရသည် ။

"ဟီး ဟီး ရေစက်ပဲ"

"ဘာရေစက်လဲ ချက်ချင်း လှည့်ပြန်မှာ "

ပန်ခူးက မျက်နှာလေး ဆတ်ခနဲ လွှဲ၏။

လက်ကလေးပိုက်ရင်း ဆတ်ခနဲ မျက်နှာလွှဲသွားသော မိန်းကလေးဆီ "ကျွန်းညိုတော"ရဲ့ အကြည့်က လှစ်ခနဲ ရောက်သွားရသည် ။

ဟိုကောင်မလေးပါလား။

ပုံစံလေးက ကြော့ရှင်း ပေပြစ်ကာ ချစ်စရာ ကောင်းသည် ။

ဒါပေမဲ့ သူ မကျေနပ်။ ပျာယာကိုခတ်လို့ ။ ကြည့်လေ သူ့အင်္ကျီရင်ဘတ် ဝဲဘက်ရင်အုံမှာ ရေခဲမုန့်တွေ ပေကျံသွားတာ ခုထက်ထိ စွန်းပေညစ်ပတ် နေတုန်းပါ။

ဆောရီးလို့ ပြောသံက မပြောချင်ပြောချင် မပွင့်တပွင့်နှင့်။ မျက်နှာထားကလည်း မာနနှင့်ခပ်ချီချီ။

သူမနံဘေးမှာ ရပ်နေတဲ့ အနီရောင် ဂါဝန်နှင့် ကောင်မလေးကတော့ သူ့ကို မျက်လုံးဝိုင်းဝိုင်းတွေနှင့် နှစ်လိုစွာ ငေးမောလျက်။

သူမရဲ့ ကြည်လင်ရွှန်းမြတဲ့ မျက်နှာထားနှင့် အကြည့်ငေးကြောင့် ကျွန်းညိုပင် တစ်မျိုး ဖြစ်သွားရသည် ။

"ကျွန်းညို ဟိုကောင်မလေးက မင်းကို ရှိုးနေတယ်၊ သိလို့ လား"

မင်းမင်းက ပြုံးစိစိ မေးသည် ။

"ခုန ရေခဲမုန့်ဆိုင်ရှေ့မှာ ကွိုင်တက်တာ သူတို့ နဲ့ ပေါ့"

"သူတို့ နဲ့ ၊ ဟား ဟား၊ မင်းတော့ ဇာတ်လမ်းပဲ"

"ဘာမှ မဇာတ်လမ်းဘူး"

"ပုံလေးတွေ ကြည့်တာနဲ့ တင် လန်းတယ်ကွ"

"လုပ်မနေနဲ့ လှေစီးမယ်ဆိုရင် လက်မှတ်သွားဖြတ်၊ ဒါပဲ သိပ်စကား မများ နဲ့ "

မင်းမင်းက သူတို့ ကို လှည့်ကြည့် လှည့်ကြည့် ပြုံးစစ ရိသဲ့သဲ့ လုပ်ချင်သေးသည် ။

ကျွန်းညိုက ဒီကောင့်ကို လက်မှတ်ရုံဘက် ဇွတ်ခေါ်လာရ၏။

မင်းမင်းဆိုတဲ့ ကောင်က အင်မတန် လန်းချင်တဲ့ ကောင်။

ဒီနေ့ခင်းမှာ ကျွန်းညို သူ့ကြောင့်ပဲ ပန်းခြံထဲ ရောက်လာရတာ။ မင်းမင်းက ပျော်ပျော်နေတတ်သည် ။

ဂိမ်းစီးတီးတွေ ကစားကွင်းတွေလည်း စိတ်ဝင်စားသည် ။

အခုလည်း စပ်စပ်ဆော့ဆော့ လှေစီးမယ်ဆိုပြီး ဒီဘက်ထွက်လာတာ။

ပန်းခူးသည် သူ့ကိုမြင်တာနှင့် ချက်ချင်းလှည့်ပြန်ဖို့ ရည်ရွယ်သော်လည်း ဖယောင်းကြောင့် ထိုနေရာမှ ခွာလို့ မရခဲ့။

သူတို့ က လှေတစ်စင်းပေါ်တက်ကာ ရေပြင်မှာ အေးအေးလူလူ လှော်ခတ်သွားတဲ့ အထိ ဖယောင်းက သဘောတကျနှင့် ကြည်ကြည်နူးနူး ရပ်ကြည့်နေခဲ့သည် ။

သူနှင့်အတူ လှေလှော်သွားတဲ့ သူက မျက်နှာပြောင်စပ်စပ်။ ဖယောင်းကို မျက်နှာရှုံ့ပြ ပြောင်ပြနှင့် တော်တော်ပေါတဲ့ လူ။

အင်္ကျီစိမ်းကတော့ ရှုတည်တည် မျက်နှာထားနှင့်သာ။

ခပ်ရင့်ရင့်ပုံပေါက်တဲ့ သူ့သဏ္ဍာန်ကို ခူး မသိမသာ မျက်စောင်းရွယ်မိသည် ။

"ခူးရေ မြန်မြန်လုပ်ဟာ ဖယောင်းတို့ လည်း လှေတစ်စီးယူမယ်"

ဖယောင်းက ဤသို့တစာစာ ဇွတ်ကြီး ပူဆာသဖြင့် ခြေဖြင့်နင်းကာ မောင်းရသော လှေကလေးတစ်စီးပေါ် တူတူတက်လိုက်ရ၏။

သိပ်မကျယ်လှသော ထိုရေပြင်ပေါ် တစ်စီးနှင့်တစ်စီး သိပ်ကွာဝေးလှတယ် မဟုတ်ပါ။

ခူးတို့ စီးတဲ့ အပြာရောင် ဘဲငန်းပုံလေးမှာ လိုက်ကာလေးပါတော့ ဖယောင်းက ဘေးမှာ ထိုင်ရင်း လိုက်ကာ အကွယ်လေးကနေ သူတို့ ရဲ့ လှေလေးကို ချောင်းမြောင်း ကြည့်ရင်း သဘောတွေကျကာ ကြည်နူးနေပါသည် ။

နေရောင်ဟပ်နေသော ရေပြင်မှာ ခူးကတော့ မျက်စိတွေ ကျိန်းလျက်။

ဒါပေမဲ့ ဖယောင်း ပြုံးပျော်နေတာ တွေ့တော့လည်း ကျေနပ်မိတာပါပဲ။ ဖယောင်းနှင့်ခူးတို့ ဟာ အင်မတန်ချစ် အင်မတန်ခင်ပြီး အင်မတန်စည်းလုံးတဲ့ ဘယ်တော့မှ အတွဲမပျက်တဲ့ ညီအစ်မလို ရင်းနှီးသူတွေ မဟုတ်လား။

ခူးရင်ထဲမှာ သူ့အပေါ် သနားပိုတာ တစ်ခုပင် သံယောဇဉ်က အဆစ်ပါနေပါသေးသည် ။

ဖယောင်း အသက်ရှည် ကျန်းမာစွာ ရှိနေတာဟာ ခူးအတွက်လည်း ဆုလာဘ်ကြီး တစ်ခုပါပဲ။ ဖယောင်းနှင့်အတူ မခွဲမခွာ ရှိနေရသော ဘဝကို ခူးက အလွန် ပျော်ရွှင် နှစ်ခြိုက်သည် ။

ဖယောင်း အတွက်ဆို ဘာမဆို လုပ်ပေးချင်သည် ။

"ခူးရေ"

"ဟင်"

"သူလည်း ဖယောင်းတို့ ဆီ လှမ်းကြည့်နေတယ်"

အင်္ကျီစိမ်းဖန့်ဖန့်လေးနှင့် ရှင်းသန့်သော သူ့စတိုင်ဟာ လှေပေါ်မှာ အထင်းသား။

အဝေးကနေ မျက်လုံးချင်း ဆုံမိကြသည် ။ ခူးက ချက်ချင်း အကြည့်လွှဲသလို သူကလည်း မျက်နှာလွှဲ သွားပါသည် ။

မင်းမင်းသည် လှေကို ထိုအနားပဲ ရစ်ဝဲချင်နေတာကြောင့် ကျွန်းညိုရယ်လည်း ရယ်ချင်သည် ။

သူကသာ ကြည့်မရ အမြင်ကတ်သော်လည်း မင်းမင်းနှင့် ဟိုဘက်က အနီရောင်လေးနှင့် အပြုံးချင်း ဖလှယ်ကြပုံက နွေးနွေးထွေးထွေး။

"ကျွန်းညို"

"ဟေ"

"သူတို့ နဲ့ သိချင်တယ်ကွာ"

"သွားစကား ပြောကြည့်ပေါ့"

"နှစ်ယောက်စလုံး ချစ်စရာလေး"

"လောဘမကြီးနဲ့ "

"အနီလေးက မျက်နှာချိုတယ်၊ ငါ့ကိုလည်း ပြုံးပြတယ် တွေ့လား"

"မတွေ့ဘူး"

"ဒီတစ်ခါ သေချာ ကြည့်လိုက်"

ကျွန်းညိုက ကြည့်ပြီဆို မျက်စိက အနီလေးဆီ မရောက် ရှားစေးရောင် ဆွယ်တာအင်္ကျီဝတ်ထားသော ဟိုမိန်းမဆီပဲ အကြည့်က ရောက်ရောက်သွားတာ။

စူးရှတောက်ပသော သူမ မျက်ဝန်းကလေးတွေဟာ ထူးဆန်းစွာပဲ ညှို့ငင်နိုင်စွမ်း ရှိတာတော့ အသိအမှတ် ပြုရသည် ။ ရေပြင်ပေါ်မှာ လှေပတ်စီးရင်း တစ်ဦးနှင့်တစ်ဦး မှတ်မိ သိကျွမ်းသလိုလိုတော့ ဖြစ်လာရတာ အမှန်ပါ။

အမှတ်တမဲ့ ကျော်ဖြတ်သွားသော နေ့လယ်ခင်းလေး တစ်ခုမှာ အမှတ်ရစရာလေးတစ်ခု ဖြစ်မြောက်သွားတာကို ကျွန်းညို မငြင်းနိုင်ပါ။

***

ထိုနေ့က ဒဂုံစင်တာမှာ ဖက်ရှင်ရှိုးပွဲရှိသဖြင့် လူတွေ စည်ကား များပြားနေပါသည် ။

ပထမပိုင်းလျှောက်ပြီး ဒုတိယပိုင်းအစ DJ တီးလုံးသံ ခပ်မြောက်မြောက် ထွက်ပေါ်လျှင် ခူးက သွားကြည့်ချင်စိတ် ပေါက်လာပြီး ...

"ပြန်စနေပြီ ဖယောင်းရဲ့ ၊ ခူး ခဏ သွားကြည့်လိုက်ဦးမယ်"

"အင်း အင်းသွားလေ"

ဖယောင်းက သူ့ဆံပင် အဖျားလေးတွေ အကောက်ပြေ လာသဖြင့် ဒီနေ့ ကိုကိုဖြူတီဆလွန်းမှာ လာကောက်တာပါ။ ဆံပင်လိပ်ထားသဖြင့်

သူက အပြင်မထွက်ဘဲ ချထားတဲ့ ထိုင်ခုံတန်းလေးမှာ ပဲ ကျန်ရစ်သည် ။

ဖယောင်းကတော့ အပြင်ထွက်ပြီး ပရိုမိုးရှင်း ဇရိယာဘက်သို့ လျှောက်ခဲ့သည် ။

ဘယ်သူတွေ ဆုချိတ်နိုင်သလဲ အကဲခတ်ချင်သဖြင့် ရှေ့နားကနေ လူတွေကြားထဲ အတင်းတိုးရ၏။

"ဟ တိုးလှချည်လား"

အပြင်ကို ရုတ်တရက် ပြန်လှည့်ထွက်တဲ့ လူတစ်ယောက်နှင့် ပြုန်းခနဲတိုးမိပြီး ခူးမှာ သူ့ရင်ခွင်ထဲ ရောက်သွားသလိုပင် ထင်မိသည် ။

"ဆောရီးဗျာ"

ခပ်ရှရှ်မြူးမြူး အသံတစ်ခုနှင့်အတူ သူမပခုံးကို ဆုပ်ကိုင်ထိန်းပေးရင်း အားတုံ့အားနာ ရင်ခွင်ဆီမှ ခွာပေးသူကြောင့် ခူးရင်မှာ ပြုန်းခနဲ အတော် ရှက်သွားရသည် ။

သူမက ရှိုးပွဲကို မြင်ချင်ဇောနှင့် အတင်းဝင်လာချိန်မှာ သူက လူကျပ်သဖြင့် လူအုပ်ကြားထဲက ရုတ်တရက် လှည့်ထွက်မိခိုက် ရင်ဘတ်ချင်း အပ်မိသလို ဖြစ်သွားတာကြောင့် ခေါင်းငုံ့လိုက်သော မိန်းကလေးကို အားနာစွာ ကြည့်သည် ။

"ဟောဗျာ"

"အို"

အမြန် ပြန်ခွာပါတယ်ဆိုမှ သူမဆံနွယ် ရှည်ရှည်လေးတွေက ပခုံးဆီမှ ကျော်လွန် ကျနေတာကြောင့် ဘယ်လိုက ဘယ်လို သူ့အင်္ကျီကြယ်သီးမှာ သွားငြိနေရသလဲ မသိ။

ခူးက ဆံနွယ်တွေကို အတင်းဆွဲထုတ်၏။

ဒါပေမဲ့ ရုတ်တရက် ဖြေရှင်း ထုတ်ယူလို့ မရ။

လူအုပ်ကြားထဲမှာ မို့ ချက်ချင်း ဖြေလို့ ကလည်း မရပေ။

သူက ငြိတွယ်နေတဲ့ ပုံစံအတိုင်း တွန်းတွန်း ထိုးထိုးနှင့်ပဲ ခူးကို လူအုပ်အပြင်သို့ ခေါ်ထုတ်လာပါသည် ။

ခူးတစ်ကိုယ်လုံးမှာ ရှက်စိတ်နှင့် ထူပူနေလျက် သူ့ကိုပင် စေ့စေ့မော့မကြည့်ရဲ။

သူက ကြယ်သီးမှာ ရစ်ပတ်နေတဲ့ ဆံနွယ်မျှင်လေးများကို စိတ်ရှည်ရှည် အသာအယာ ဖြေထုတ်ပေးပါသည် ။

"ကြံကြံဖန်ဖန်ပဲဗျာ"

"ဟင် ရှင်ကိုး"

ခူး အခုမှ သူ့မျက်နှာကို ကြည့်မိသည် ။

"ခင်ဗျားပဲ၊ ဖြစ်လိုက်ရင် ခင်ဗျားပဲ၊ ပြဿနာပဲဗျာ"

သူကလည်း မှတ်မှတ်မိမိ တအံ့တသြ ရေရွတ်သည် ။

"ခင်ဗျား အတင်းဆွဲတာ အင်္ကျီကြယ်သီးတောင် ပြုတ်တော့မယ်၊ ခင်ဗျားနဲ့ ကျွန်တော်က တကယ်ကို စက်ကွင်းမလွတ် ဖြစ်နေပါလားဗျာ၊ ဟိုတစ်ခါလည်း ကျွန်တော့်အင်္ကျီပဲ ဒုက္ခပေးတယ်၊ ဒီတစ်ခါလည်း လာပြန်ပြီ"

"ဘာပြောတယ်၊ ရှင်ဟာလေ ဒီမှာ ကျွန်မ ဆံပင်တွေတောင် ပြတ်ကုန်ပြီ နာသွားတာပဲ"

"ခင်ဗျားဘာသာ အတင်း ဆွဲတာပဲလေ"

သူမက ပခုံးပေါ်ကျနေတဲ့ ဆံပင်ရှည်ရှည်လေးတွေကို ကျောဘက် အသာပြန်ပို့ရင်း သူ့ကို မျက်စောင်းရွယ်၏။

"မတော်တဆ ငြိမိတာပဲ"

"ခင်ဗျားရဲ့ မတော်တဆတွေက ဟုတ်ရောဟုတ်လို့ လားဗျာ၊ တမင်တကာ ဇာတ်လမ်း ဆင်ထားတာ ကျနေတာပဲ၊ ကျွန်တော်တောင် လန့်လာပြီ"

သူက ပခုံးတွန့်ကာ ကြောက်လန့်ဟန် လုပ်ပြပြီး သူမကို ရယ်ကျဲကျဲနှင့် မခံချင်အောင် စလေသည်။

"အောင်မယ် ရှင့်ကိုပဲ ဇာတ်လမ်း လုပ်ရဦးမယ်"

"မိတ်ဆက်ရင်လည်း ကောင်းကောင်း မိတ်ဆက်လို့ ရပါတယ်၊ ရင်ခွင်ထဲ အတင်း ဖွတ်ဝင်တာတော့ ကြည့်လို့ မတော်ပါဘူးဗျာ၊ နည်းနည်းပါးပါးတော့ ထိန်းဦးပေါ့၊ ကိုယ်က မိန်းကလေးပဲ မဟုတ်ဘူးလား"

သူမ မျက်နှာလေး နီမြန်းကာ ရှုးရှူးရှားရှား ဖြစ်သွား၏။

"အို ရှင်စကားပြောတာ ရင့်လှချည်လား၊ လူကို ဘယ်လို ထင်လို့ လဲ"

ကောင်မလေးက ဒေါသမျက်ဝန်းတွေနှင့် စူးစူးရဲရဲ ကြည့်နေတာမို့ သူပြုံးမိရင်း ...

"စတာပါ၊ ဆောရီး"

"စရအောင် ရှင်နဲ့ ဘယ်လောက်များ ရင်းနှီးလို့ လဲ"

"မရင်းနှီးပါဘူး"

သူက ခပ်လန့်လန့်ပုံစံနှင့် လက်ကာပြသည်။

သူမှန်းလည်း သိရော ခုနက ရှက်ကိုးရှက်ကန်း အမူအရာလေးက ပျောက်သွားတော့တာပဲ။

နှုတ်ဆက် လမ်းမခွဲမီမှာ ပင် ဖုန်းသံက တစ်ချက် မြည်လာသည် ။ ဒီထဲမှာ No Service ဖုန်းလိုင်း မဝင်ဘူးလို့ ပဲ ထင်ထားတာ။

Gold Seven ဂိုးလ်ဆဲဗင်း မီဒီယာဂရုရဲ့ ဖုန်းဆိုတော့ အလုပ်ကိစ္စနှင့် ဆက်နွှယ်နိုင်တာမို့ သူက ...

"ခဏနော် ဟိုဘက်ကိုထွက်ပြီး ဖုန်းပြောလိုက်ဦးမယ်"

"တစ်သက်လုံးပဲ ပြောပြော"

ပန်ခူးက ဘုတောကာ ဆတ်ခနဲ ကျောခိုင်း လှည့်ထွက်ခဲ့သည် ။

သူနဲ့ မသိချင် မခင်ချင်ပါဘူး။

ခူးကိုများ သူက လာပတ်သက် ဓာတ်လမ်း ရှာတယ် ထင်ချင်သေးတာ။

သူ့ကို ဘယ်သူက ဂရုစိုက်လို့ တုန်း။ အလကား ဘဝင်မြင့်နေတဲ့ လူ။

ပန်ခူးက စူပုပ်ပုပ်မျက်နှာလေးနှင့်ပဲ ဖြူတီဆလွန်းရှိရာဘက် ပြန်လှည့်လာသည် ။

လူတွေ များ ပြား ရှုပ်ထွေးတဲ့ နေရာမှာ သူနှင့်ဘယ်လိုကြောင့် လာလာဆုံနေမှန်းမသိ။

"ဟယ် ပြီးသွားပြီလား"

ချက်ချင်း ပြန်ရောက်လာတဲ့ ခူးကို ဖယောင်းက မျက်ခုံးလေးပင့်ကာ မေးလိုက်၏။

"မပြီးသေးပါဘူး"

"ဟင် မပြီးသေးဘဲ ဘာကြောင့် ပြန်လာတာလဲ"

"မကြည့်ချင်တော့လို့ "

"ဖြစ်ရပြန်ပြီ"

"ဟက်ပီးဝေါလ်မှာ တွေ့တဲ့ သူလေ"

"ဟယ် ဟိုလူကြီးလား နင်မြင်လိုက်လား"

ဖယောင်းက ဒရောသောပါး ပြန်မေး၏။ မျက်လုံးလေးတွေကလည်း တဖျပ်ဖျပ် လဲ့ဖြာလာသည် ။

"သူတို့ နှစ်ယောက်ပဲလား"

"မသိဘူး"

"တွေ့ခဲ့တယ်ဆို"

"အင်္ကျီစိမ်းနဲ့ တစ်ယောက်ကိုပဲ တွေ့တာ"

အင်္ကျီစိမ်းလို့ ပြောတာနှင့် ဖယောင်းကလည်း မှတ်မိနေသည် ။

"ဟုတ်လား ခူးကို မှတ်မိလား"

မဖြေဘဲ မျက်စောင်း ထိုးမိသည် ။

"အမြင်ကတ်စရာ"

"ဘာဖြစ်လာပြန်ပြီလဲ ခူးရာ"

"သူနဲ့ ဝင်တိုးမိတာနဲ့ ပဲ ခူးကို အထက်စီးနင်း ပြောသွားတယ်"

ဖယောင်းက ခပ်တိုးတိုး ရယ်မောရင်း ...

"အဟီး နင်တို့ တွေ့တိုင်း ပြဿနာချည်းပဲ၊ ဘာလဲတော့ မသိဘူး"

"မုန်းစရာ ကောင်းလွန်းလို့ ပါ"

"ဖယောင်းက ဒီတစ်ခါတွေ့ရင် မိတ်ဖွဲ့လိုက်မယ် စိတ်ကူးထားတာ"

"သွားဖွဲ့လေ အပြင်မှာ ရှိဦးမှာ ပေါ့"

"တကယ်လား သူ့နာမည်ကို အရမ်း သိချင်နေတာ"

"ဘာလုပ်ဖို့ လဲ အပိုတွေ"

"ဖယောင်း ခရေဇီဖြစ်တာ အဲလိုပုံ အဲလိုယောကျ်ားမျိုးပဲ သိလား"

စိတ်လှုပ်ရှားသံနှင့် မမေးဘဲ ဝန်ခံပြန်၏။

ဒီဖယောင်းလည်း မလွယ်။ ဆံပင်ကောက်တံတွေ တန်းလန်းနှင့် ဟိုလူကို ဝေ့ဝဲထွက်ရှာသေးသည် ။

ဒါပေမဲ့ မတွေ့။

တွေ့ရင်မိတ်ဖွဲ့ ပြေလည်ချင်သူနှင့် ကျတော့မဆုံ။ ဘုနှင့်ဘောက် မျက်မုန်းကျိုးနေသူနှင့် ကျတော့ တည့်တည့် တိုးသေး၏။

ထိုနေ့က ဆံပင်ကောက်ပြီး ပြန်ထွက်လာရင်း ဟိုဒီပတ်နေပေမဲ့ သူ့ကို ထပ်မတွေ့ရတော့ပါ။

ဖယောင်းက တွေ့ချင်တဲ့ အကြောင်း တသသပြောမဆုံး။

"နောက်တစ်ခါတွေ့ရင် ငါ့ကိုလည်း ပြနော်"

"အရေးကြီးတာ ကျနေတာပဲ"

"ခင်လို့ ပါဆို"

"မခင်နဲ့ ခူးမှ ကြည့်လို့ မရတာ"

"သူ့ပုံစံက သဘောကောင်းမယ့်ပုံပါ"

"မထင်ပါဘူး မိန်းမတစ်ယောက်အပေါ် အနိုင်ပိုင်းချင်တဲ့ အချိုးအချိုတ်ပါ"

"မဖြစ်နိုင်ပါဘူး အရမ်းချစ်ပြီး အရမ်း အလိုလိုက်မယ့်ပုံပါ"

"အဲဒါဆိုလည်း နင် သွားချစ်ကြည့်ပေါ့ပါဟယ်"

ဖယောင်းက ခပ်ရွှင်ရွှင် ရယ်မောသည် ။

"သူသာ ချစ်မယ်ဆိုရင် ဖယောင်းတို့ က အိုကေ"

"ငပေါမ"

တွန်းထိုးရယ်မောရင်း စကားလေ့ကားမှ အတူတူ ဆင်းလာခဲ့သည် ။

ထိုအချိန်မှာ မင်းမင်းက တွိုင်းလက်ရှိရာ အချိုးကွေ့လေး တစ်ခုက ထွက် လာပြီး သူ့ပခုံးကို လာဖက်သည် ။

"ကြာလိုက်တာကွာ"

ကျွန်းညိုက ရှုံ့မဲ့ညည်းသည် ။

"ဟ မင်းကို ငါတစ်ခေါက် ထွက်ရှာပါတယ်"

"မတွေ့တော့ ထပ်တစ်ခေါက် ဝင်သွားတာပေါ့"

" မဟုတ်ဘူး ရှာနေတာ"

"မင်းဘိုးအေရှာပါလား"

"ရှိုးပွဲနားမှာ ပဲ ရှိနေမယ်ဆိုတော့ အဲဒီနား သွားကြည့်တာ"

"လူများ လို့ ပြန်ထွက်လာတာ၊ မင်းမင်းရာ မပြောချင်ဘူး၊ ငါ ဘယ်သူနဲ့ တွေ့လဲ သိလား"

ကျွန်းညိုတော မျက်နှာက ရယ်ကျဲကျဲ ဖြစ်လာသည် ။

သူ့ရင်ဘတ်မှာ ကိုယ်သင်းရနံ့လေးတစ်ခု ခုထိ စွဲကျန်ခဲ့တုန်းပါ။ ရှန်ပူရနံ့လား ရေမွှေးနံ့လားတော့ သူမသိ။

ဒါပေမဲ့ ရင်ခုန်ရီဝေစရာ ရနံ့ချိုလေးတစ်မျိုးပဲ။

"တွေ့တာ မဟုတ်ဘူး ၊ ကောင်မလေးတစ်ယောက် ငါ့ကို လာဖက်တာကွ၊ ဟား ဟား"

"ဘယ်သူလဲ၊ သူ့ယောက်ျား ပျောက်နေတဲ့ ဘယာကြော်သည် အဒေါ်ကြီးလား၊ မင်းကွာ ကိုယ့်ကို အားကိုးတကြီး လာဖက်မှ တော့ ဖေးမနှစ်သိမ့်ပြီး အိမ်ခေါ်သွားသင့်တာပေါ့"

"မင်းကြီးတော် ဘယာကြော်ကို မင်းပဲ အိမ်ခေါ်ပြီး ပြုစုလိုက်နော၊ ငါ့ရင်ခွင်ထဲ ဟောဒီလို ပစ်ဝင်လာတာ ဘယ်သူမှတ်လဲ၊ လှေစီးတုန်းက ဟက်ပီးလေးကွ"

ကျွန်းညိုက တမင်တကာပင် မင်းမင်း မခံချင်ဖြစ်အောင် သူပေးထားတဲ့ အမည်ကို သုံးစွဲလိုက်ပါသည် ။

ဒီကောင် တအံ့တသြ မျက်လုံးပြူးသွားပြီး မယုံမရဲနှင့် ...

"တကယ်လား သူတို့ နှစ်ယောက်လား" ဟု အမောတကော ပြန်မေးသည် ။

"မင်းနဲ့ စကားပြောလိုက်လား ကျွန်းညို၊ ဖုန်းနံပါတ် တောင်းလိုက်သေးလား"

"မပြောပါဘူး"

"မင်းရင်ခွင်ထဲ ဝင်လာတယ်လေး ဘာလေးဆို"

"ဝင်တိုက်မိတာကို ပြောတာ ဟဲ ဟဲ"

"ဘယ်တစ်ယောက်လဲ"

ကျွန်းညိုက ချက်ချင်းမဖြေ။

"ငါ့အနီလေးလား"

"နိုး"

"ဒါဆို မင်းနဲ့ ကွိုင်တဲ့ တစ်ယောက်ပဲပေါ့"

"အေး"

"ဒီတစ်ခါလည်း ရန်ဖြစ်တာပဲလား"

"ပြောပုံဆိုပုံက ထောင့်မှ မကျိုးဘဲ"

"မင်းကွာ အခွင့်အရေး ထပ်ရရဲ့ သားနဲ့ "

"ဘာလဲ၊ ဒီအခွင့်အရေးကို စောင့်တာက မင်းပဲ"

"လာကွာ ပြောနေကြာတယ်၊ ရှာကြည့်ရအောင်"

"မရှိဘူး ပြန်သွားပြီ"

"မင်း တွေ့လိုက်လို့ လား"

ကျွန်းညိုက ခေါင်းညိတ်သည် ။

လေ့ကားက ဆင်းသွားတဲ့ ကြော့ကြော့မတ်မတ် ခပ်ငြိမ်ငြိမ် ရပ်လျက်ပါသွားတဲ့ သဏ္ဍာန်လေးကို သူရပ်ကြည့် နေမိသေးတာပဲ။

သူမကတော့ ကျွန်းညိုကို မြင်ပုံမရ။

သူမဝတ်ထားတဲ့ ပျားရည်ရောင် ဂါဝန်ပျော့ဖပ်ဖပ်လေးဟာ သူမရဲ့

ဝင်းပတဲ့ အသားအရေလေးနှင့် သိပ်လိုက်ဖက် ကြည့်လို့ ကောင်းတာ သူမငြင်းချင်။

ဟိုတစ်ခါတုန်းက ဒီလောက်လှတဲ့ မိန်းကလေးမှန်း သူမသိခဲ့။ စေ့စေ့စပ်စပ်လည်း မကြည့်မိခဲ့ဘူးလေ။

ချွန်သွယ်တဲ့ မေးစေ့လေးရယ်။ နှာတံစင်းစင်းလေးရယ်။ နှုတ်ခမ်းထူထူလေးရယ်။ နက်ရွှန်းတောက်ပတဲ့ မျက်ဝန်းလေးရယ်။

စောစောက အနီးကပ်ကြည့်မိမှ ပဲ ဒီလောက် ဆွဲဆောင်မှုရှိတာ သူသိလိုက်ရတာ။ လျှပ်တစ်ပြက်မှာ သူ့အသည်းတွေ နွေးခနဲ ဖြစ်သွားရတာ။

စိတ်လှုပ်ရှားပြီး သူမကို စမိတဲ့ အတွက် ဆွေ့ဆွေ့ခုန် စိတ်ဆိုးသွားပုံလေးကို ခုထိ မြင်ယောင်နေဆဲပါ။

အိုကွာ ဒါပေမဲ့ သူမကို ကိုယ်မကြိုက်ပါဘူး။

ကိုယ့်ရင်ထဲမှာ သံယောဇဉ် အခိုင်အမာနှင့် ချစ်မြတ်နိုးမိသူလေး တစ်ယောက် ရှိနှင့်ပြီးသားပဲ။

သူလေးလည်း ကိုယ်နှင့်ထပ်တူ ချစ်မြတ်နိုးနေမှာ ပဲဆိုတာ ကျွန်းညို ယုံကြည်သည် ။

***